BURMESE WOMEN'S UNION

**အမျိုးသမီး (၉) ဦးအပါအဝင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား သေဒဏ်ချမှတ်မှုအပေါ် ထုတ်ပြန်ကြေညာချက်**
**မြန်မာ့အမျိုးသမီးသမဂ္ဂ**

ရက်စွဲ။ ။ ဩဂုတ်လ ၈ ရက်၊ ၂၀၂၂ ခုနှစ်။

အကြမ်းဖက်စစ်ကောင်စီ မှ ဇူလိုင်လ (၂၅) ရက်နေ့တွင် မတရား သေဒဏ်ချမှတ်ခံထားရသည့် ကိုဂျင်မီ၊ ကိုဖြိုးဇေယျာသော်၊ ကိုအောင်သူရဇော်နှင့် ကိုလှမျိုးအောင်တို့အား ပြစ်ဒဏ်စီရင်ပြီးစီးကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းမှ သတိပေးကန့်ကွက် နေသည့်ကြားကပင် ကာယကံရှင် မိသားစုများအား အသိပေးခြင်းမရှိဘဲ စီရင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အခြားမတရား သေဒဏ်ချမှတ်ခံထားရသူများအားလည်း ဆက်လက်၍ ပြစ်ဒဏ်စီရင်သွားရန် ပြင်ဆင်နေကြောင်း သတင်းများထွက်ပေါ်နေသည်။ အဆိုပါ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ထောင်တွင်း ဥပဒေမဲ့ သတ်ဖြတ်လိုက်ခြင်းအပေါ် မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂ မှ ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

လက်ရှိတွင် မတရားသေဒဏ်ချမှတ်ခံထားရသူစုစုပေါင်း ၇၇ ဦးရှိပြီး ၎င်းတို့ထဲတွင် အမျိုးသမီး ၉ ဦးလည်း ပါဝင်နေသည်။ အကြမ်းဖက်စစ်ကောင်စီမှ ဆောင်ရွက်သည့် တရားစီရင်ရေးသည် တရားမျှတမှုမရှိသည့် တဖက်သတ် ချမှတ်ထားသော ပြစ်ဒဏ်များဖြစ်သည်။ ယခုကဲ့သို့ အချိန်ကာလအတွင်း ၎င်းပြစ်ဒဏ်စီရင်မှုများအား အကြမ်းဖက်စစ်ကောင်စီ၏ လူသတ်မှု၊ ရာဇဝတ်မှုအဖြစ် မိမိတို့မှ ရှုမြင်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးရှုထောင့်မှ ကြည့်မည်ဆိုပါကလည်း အမှုသည် တရားဥပဒေကြောင်းအရ တရားမျှတမှုနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်း အလျှင်းမရှိသည်ကို တွေ့ရသည်။ ထို့အပြင် အသက်ရှင်ရပ်တည်ခွင့် အခွင့်အရေးအရ မည်သူတစ်ဦးတစ်ယောက် ကိုမျှ သေဒဏ်ပြစ်ဒဏ်အား ပေးခွင့်မရှိပေ။ ထိုလုပ်ရပ်သည် ဒီမိုကရေစီ၏ အနှစ်သာရနှင့်လည်း ပြောင်ပြောင်တင်းတင်းဆန့်ကျင်သည်။

အကြမ်းဖက်စစ်ကောင်စီသည် အဆိုပါ သေဒဏ်ပေးခြင်း ကွပ်မျက်ခြင်းတို့ကို ပိုမိုလုပ်ဆောင်လာနိုင်သည့်အနေအထားရှိနေသည့်အပေါ် မိမိတို့မြန်မာ့အမျိုးသမီးသမဂ္ဂမှ များစွာစိုးရိမ်မိသည်။ အဆိုပါလုပ်ရပ်များ ဆက်လက်မဖြစ်ပေါ်စေရန်အတွက် မြန်မာပြည်သူများအနေဖြင့်လည်း ပိုမိုစုစည်းရမည့်အချိန်ဖြစ်သည်။ အကြမ်းဖက်စစ်ကောင်စီ၏ လုပ်ရပ်သည် ပြည်သူ့အကျိုးစီးပွားကိုလစ်လျူရှုပြီး ၎င်းတို့၏ အာဏာတည်မြဲရေးအတွက် ပြည်သူ့ဘဝများစွာ၏ အသက်၊ သွေး၊ ချွေး တို့ကိုနင်းခြေကာ စိတ်ကြိုက်ပုံဖော်သွားမည့် အနေအထားဖြစ်သည်။ ထို့ကြောင့် စစ်အာရှင်စနစ်အမြစ်ပြတ်ချေမှုန်းရေးတွင် သက်ဆိုင်ရာ တပ်ပေါင်းစုများ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ၊ ပြည်သူများက လက်တွဲညီညီ၊ ဟန် ချက်ညီညီ ရင်ဆိုင်ဖြတ်သန်းရမည်ဖြစ်သည်။

နိုင်ငံရေးတက်ကြွသူများအား သေဒဏ်ပေး ကွပ်မျက်ခြင်းမပြုလုပ်ရန် ASEAN အပါအဝင် နိုင်ငံ တကာမှကန့်ကွက်မှုပြုလုပ်ခဲ့သော်လည်း အကြမ်းဖက်စစ်ကောင်စီ အနေဖြင့် အသိအမှတ်မပြု သည့်အပြင်ဆန့်ကျင်သည့် လုပ်ဆောင်မှုဖြစ်သည့်အတွက် ASEAN အပါအဝင် နိုင်ငံတကာမှလည်း မြန်မာပြည်ဆိုင်ရာအပြောင်းအလဲများအတွက် ပိုမိုလက်တွေ့ကျသည့် အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ပေးရမည့်အချိန်ဖြစ်ပြီဆိုသည်ကို အကြမ်းဖက်စစ်ကောင်စီ၏ လုပ်ရပ်ကသက်သေပြနေ သည်။

ထို့ကြောင့် အကြမ်းဖက်စစ်ကောင်စီ၏ လူမဆန်သည့် လူသတ်မှုများ ချက်ချင်းရပ်တန့်ရန် လိုအပ် သည်။ နိုင်ငံတကာအစိုးရများမှလည်း ထိုကဲ့သို့ အကြမ်းဖက်စစ်ကောင်စီ၏ ဥပဒေမဲ့ လုပ်ရပ်များ ရပ်တန့်ရန် ယခုထက်ပို၍ ပြင်းထန်သော ဖိအားများပေးရန် အမြန်ဆုံး လုပ်ဆောင်ပေးရန် မိမိတို့မှ တောင်းဆိုသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ

ဆက်သွယ်ရန်
၁။ အတွင်းရေးမှူး (၁) +၆၆ ၉၄၃ ၀၇၈ ၁၂၁
၂။ အကြံပေး (၁) +၆၆ ၉၉ ၃၉၃ ၄၃၁၈